# ချောအိမာန်
(မန္တလေး)

ဝတ္ထုတို ၅ ပုဒ်



mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ချောအိမာန် (မန္တလေး)
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၇၈ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဝတ္ထုတို ၅ ပုဒ်

ချောအိမာန်(မန္တလေး)

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


၁။ ပီတိမျက်ရည် ၁

၂။ မဟူရာည ၁၆

၃။ လွတ်မြောက်ခြင်း၏ အလွန် ၂၈

၄။ သံစဉ်မဲ့ချစ်ခြင်း ၄၈


၅။ အိပ်မက်ဖျားက နိဗ္ဗာန်ဘုံ ၆၇


❑

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## ပီတိမျက်ရည်

အလင်းနဲ့ အရိပ်တဲ့။ ဒီနာမည်လေးနှစ်ခုမှာ အဓိပ္ပာယ်တွေ ကွာခြားနေခဲ့တယ်။ ဖေဖေ မေမေတို့ရဲ့ အယူအဆတွေ အတွေးအခေါ် ကောင်းတွေနဲ့ မှည့်တွင်ခဲ့တဲ့ အမည်နှစ်ခုကိုပင် နှိုင်းယှဉ်လိုက်တိုင်း အားငယ်စိတ်တွေ ရောပြွမ်းပြည့်လျှံလာတဲ့ နှလုံးအိမ်ထဲက ခံစား ချက်ကို ဘယ်သူ သိနိုင်မှာလဲနော်။

အလင်းတဲ့ အလင်းရောင်ဆိုတဲ့ ထွန်းလင်းတောက်ပခြင်းကို ထာဝရ ပိုင်ဆိုင်ထားနိုင်သူဟာလည်း သူပဲပေါ့။ မွေးလာကတည်းက ဘယ်ဘဝက ပါရမီကြောင့်လဲ အသားရေ ဝင်းဖန့်ဖန့် နုနုအိအိ ဝိုင်းဝိုင်းလေးနဲ့ နှုတ်ခမ်းလေးတွေ ရဲနေတဲ့ အလင်းကို တစ်အိမ်လုံး ဖူးဖူးမှုတ် ချစ်ခဲ့ကြတယ်။ သူကလည်း ချစ်ချင်စရာ။ မျက်လုံးဝိုင်း ဝိုင်း စကားကို မပီကလာလေးပြောတာကအစ အရမ်းချစ်ဖို့ကောင်း တဲ့သူပေါ့။ တွေ့တဲ့သူတိုင်းက ကျွန်မနဲ့သူ နှစ်ယောက်ရှိရင်တောင်

mgyoe.com

အလင်းကိုပဲ ရွေးလုချီခဲ့ကြတာလေ။ ဦးကျော်မြင့်နဲ့ ဒေါ်မြမြလွင် သမီးလား အရမ်းချစ်ဖို့ကောင်းတာပဲနော် ဆိုတဲ့ စကားသံက ငယ်စဉ်ကနေ ခုချိန်ထိ ကြားနေခဲ့ရတုန်း။ ဘာကိုပဲယှဉ်ယှဉ် အလင်းထက် ကျွန်မဟာ နောက်မှာ ကျန်ရစ်ခဲ့တာ ဘာကြောင့်လဲ။

အလင်းထက် ကျွန်မဟာ တစ်နှစ်ငယ်ပါတယ်။ ကျွန်မ မေမေဟာ အလင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ မွေးခဲ့ပေမဲ့ ကျွန်မကိုတော့ ခရီးသွားရင်း ဗိုက်နာလာတာကြောင့် လမ်းက ရွာတစ်ရွာမှာ ဝင်မွေးခဲ့ရတာတဲ့။ အလင်းကို မွေးရတာ လွယ်သလောက် ကျွန်မကိုမွေးရတာ သိပ်ခက်တာပဲဆိုတဲ့စကား ကြုံတိုင်းပြောတတ်တဲ့ မေမေ့အသံကို ကျွန်မ နားခါးလာမိတယ်။

ကျွန်မကို နာမည်ပေးတော့ အလင်းလောက် ခက်ခက်ခဲခဲ မစဉ်းစားခဲ့ရဘဲ အိမ်ရှေ့က ပိတောက်ပင်ရဲ့ အရိပ်လှုပ်နေတာကို ဖေဖေက မြင်ခဲ့ပြီး အရိပ်လို့ ပေးခဲ့တာတဲ့။ အိမ်မှာတော့ အလင်းရဲ့ တောက်ပမှုကြောင့် အလင်းရောင်ဂုဏ်တွေ ဖြာလင်းခဲ့ပေမဲ့ ကျွန်မရဲ့ အရိပ်ကြောင့် ဘယ်သူ့ကိုမှ မအေးမြစေခဲ့ပါဘူး။

ကျွန်မဟာ မိသားစုမှာ ငယ်စဉ်ကတည်းက သီးခြားဆန်ပြီး ခပ်အေးအေးနေတတ်တဲ့အကျင့်ကြောင့် တစ်အိမ်တည်းမှာနေပေမဲ့ မိသားစုနဲ့ ဝေးကွာနေသလို ရှိခဲ့တယ်။ အလင်းကတော့ စကား တီတီတာတာနဲ့ ဖေဖေ့ပေါင်ပေါ်တစ်လှည့် မေမေ့ရင်ခွင်တစ်လှည့် နေရာယူနိုင်သူပေါ့။ သူက ဖေဖေ၊ မေမေတို့ရဲ့ စိတ်ကြိုက် သမီးလေးပေါ့။ ငယ်စဉ်ကတည်းက စာအရမ်းတော်တဲ့အလင်းကို မနာလိုမိတာတော့ အမှန်ပါပဲ။ သူ့လိုမျိုးတော်အောင် ဘယ်လောက်ပဲ ကြိုးစားခဲ့ပေမဲ့ သူ့ရဲ့ သုံးပုံတစ်ပုံကို မီရုံလေးသာ ရှိခဲ့တယ်။ ဖေဖေနဲ့ မေမေက ညှိခံပွဲ မိတ်ဆုံစားပွဲတွေကို အလင်းကိုသာ ခေါ်သွားတတ်ပေမဲ့

mgyoe.com

mgyoe.com

ကျွန်မကိုတော့ ဒေါ်ကြီးနဲ့သာ အိမ်မှာထားပစ်ခဲ့တယ်။ ကျွန်မလည်း ဘယ်တော့မှ လိုက်ဖို့ မပူဆာခဲ့ပါ။ အိမ်က အဆိုးတစ်ခုခုဖြစ်ရင် ပန်းကန်ကွဲတာကစ အရိုပ်ကြောင့် ထင်တယ်ဟု သေချာမသိဘဲ စွပ်စွဲ အတပ်ပြောချင်သော မေမေ့ကို ကျွန်မ ဘာမှမတုံ့ပြန်ခဲ့ပါ။ မေမေ ရော ဖေဖေပါ အရိုပ်ကို ဘယ်တုန်းကမှ နွေးနွေးထွေးထွေး ပွေ့ခြင်း၊ နမ်းရှုပ်ခြင်း သိရသလောက် မရှိခဲ့ပါ။ ကျွန်မ တစ်ခါတစ်ရံ အလင်း နေရာကို လိုချင်မိတယ်။ ဒါပေမဲ့ အလင်းလို ကျွန်မ မနေတတ်ပါ။ ဘယ်တော့မှလည်း ပြုပြင်၍ နေမည်မဟုတ်ပါ။ မုန့်ဝယ်လာရင် တောင် အလင်းကိုသာ ဦးစားပေးရွေးချယ်စေခဲ့သော အရာရာတိုင်း မှာ အလင်းသာလျှင် နံပါတ်တစ်ဖြစ်နေတာမို့ ကျွန်မဘက်က အစွမ်း ကုန် ပြုပြင်ပြောင်းလဲရန် မလိုအပ်ပါ။ ကျွန်မ စမ်းသပ်ခဲ့ဖူးတယ်။ ထိုစမ်းသပ်မှုဟာ အလင်းနဲ့ ယှဉ်ရင်တော့ ဘာရလဒ်မှ မရှိတော့ အောင် မြူမှုန်လို သေးငယ်ပြီး ပျောက်ဆုံးသွားခဲ့ပါတယ်။

အလင်းနဲ့ယှဉ်ရင် ပညာရေး၊ လူမှုရေးတွင်သာမက ပင်ကို ရုပ်ရည်တွင်ပါ အားနည်းနေခဲ့သော ကျွန်မဟာ ညအိပ်ရာဝင်တိုင်း ခံစားခဲ့ရတယ်။ ဆယ်တန်းကို ဂုဏ်ထူးများစွာနဲ့ နှစ်ချင်းပေါက် အောင်ခဲ့တဲ့အလင်းဟာ ခုဆိုရင် ဆေးကျောင်းတက်ရန် ရည်မှန်း ချက်အပြည့်နဲ့ပေါ့။ ဖေဖေဖြစ်စေချင်တဲ့ ဆရာဝန်ဘဝကို အရောက် လှမ်းနိုင်ပြီး ကြာလေ ကြာလေ အရမ်းလှလာတဲ့ အလင်းဟာ ဖေဖေ ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သမီးရတနာလေး ဖြစ်နေတာပေါ့။ ဖေဖေက အလင်းကို သဲနေအောင် အချစ်ပိုပြီး ဧည့်သည်ရှေ့မှာတောင် သူ့သမီး ရဲ့ ခါးလေး ဖက်လိုက်၊ ဆံပင်လေး သပ်ပေးလိုက်နဲ့ ကျွန်မကိုတော့ ဒါ အငယ်မ အရိုပ်တဲ့၊ ဒီနှစ် ဆယ်တန်း၊ သူက အပျင်းအိုးလေးလို့ နောက်ကနေတောင် အဆစ်ထည့်ပေးတတ်တယ်။

mgyoe.com

mgyoe.com


ကျွန်မက အလင်းလောက် မချောပေမဲ့ ကျွန်မ သူငယ်ချင်းတွေကတော့ ကျွန်မမှာ အရမ်းလှတာတစ်ခုရှိတယ်တဲ့။ ဘာလဲဆိုတော့ ကျွန်မရဲ့ စိတ်လေးက အရမ်းကောင်းတယ်တဲ့။ဒါက သူတို့မသိလို့ပါ။ ကျွန်မရဲ့ စိတ်ထဲ အလင်းကို တိတ်တိတ်လေး မနာလိုဝန်တိုနေတာ သူတို့မှ မသိဘဲ။

ကျွန်မတို့ရဲ့ အိမ်ရှေ့ဧည့်ခန်းမှာ အလင်းရဲ့ အလှဓာတ်ပုံ၊ ဆုရဓာတ်ပုံတွေ ပြည့်နှက်နေတတ်သလို ကျွန်မကတော့ မိသားစုဓာတ်ပုံထဲမှာ အရောင်ခပ်မှိန်မှိန်လေးသာ။ သူ ငယ်စဉ်ကတည်းက ရလာခဲ့တဲ့ ဆုတွေကလည်း ဗီရိုထဲမှာ အပြည့်။ တစ်အိမ်လုံး အလင်းနဲ့ပတ်သက်မှုတွေပဲ ပြည့်နှက်နေတဲ့ ဖေဖေ မေမေတို့ရဲ့ ပါးစပ်ဖျားမှာလည်း အလင်းပဲပေါ့။ ကျွန်မအတွက် နေရာဆိုတာ မရှိတော့တဲ့အခါ အလင်းလို ဖေဖေ မေမေတို့ရဲ့ ကိုယ်ပွားသမီး ဘာဖြစ်လို့မဖြစ်ခဲ့ရတာလဲလို့ တွေးမိတိုင်း ခိုင်မာတဲ့ မျက်ရည်တွေ ဝဲချင်ခဲ့ပါတယ်။

ဆေးကျောင်းသူတစ်ယောက်ဖြစ်တဲ့ အလင်းရဲ့ သူငယ်ချင်းတွေကို မေမေတို့က အရေးပေးသလို ကျွန်မရဲ့ သူငယ်ချင်းများကိုတော့ လူဆိုးလေးတွေတဲ့။ အိမ်ကိုလာရင်တောင် သိပ်မကြိုက်ချင်တဲ့မေမေတို့ကြောင့် ကျွန်မ သူငယ်ချင်းတွေ အလာကျဲသွားခဲ့တယ်။ မမျှတလွန်းတဲ့ အခြေအနေတွေကို နှစ်ပေါင်းများစွာ ရင်ထဲမှာသိမ်းဆည်းလာခဲ့ရတာ ကြာလာတော့ ရင်နဲ့တောင် မဆံ့ချင်တော့ပါ။ အလင်းရဲ့ရှေ့မှာ ယုံကြည်မှုအပြည့်နဲ့ လှပတဲ့အနာဂတ်တွေ ခိုင်မာစွာရှိခဲ့သလို၊ ကျွန်မရဲ့ အနာဂတ်ကတော့ မပီပြင် ခပ်ဝါးဝါးမျှသာ။ အလင်းရဲ့ အိမ်ထောင်ရေးကိုတောင် ကြိုစဉ်းစားလာသော မေမေတို့ရဲ့ စကားဝိုင်းမှာ အရာရာ အလင်းအတွက်၊ အလင်းရှေ့ရေးသာ

mgyoe.com

mgyoe.com


စိုးရိမ်ပူပန်မှုတွေ ရှိနေခဲ့ကြတယ်။ ကျွန်မရဲ့ ခံစားမှုကိုတော့ ဘယ်တော့မှ အရေးပေးလေ့ မရှိပါ။ စိတ်ဒဏ်ရာတွေနဲ့အတူ မိဘတွေရဲ့ ဆန္ဒတွေကို ဆန့်ကျင်စွာ ပေါက်ကွဲမှုအစိတ်အပိုင်းတွေဟာ ရင်ထဲမှာ တင်းကျပ်လာခဲ့တဲ့အခါ ခံနိုင်ရည်ဆိုတာရော ရှိနေနိုင်ပါဦးမလား။ ထိုနေ့က အလင်းမွေးနေ့။ အိမ်မှာ မေမေကိုယ်တိုင် ကြာဆံဟင်း ချက်ကျွေးခဲ့တယ်။ အလင်းအတွက် မုန့်တွေကို ဒေါ်ကြီးနဲ့အတူ နောက်ဖေးမှာ ပြင်ဆင်ပေးခဲ့တယ်။ အလင်းအပေါင်းအသင်းတွေကိုလည်း ကျွန်မ ရောၡ် ခင်မင်လေ့ မရှိပါဘူး။ ဒေါက်တာလောင်းတွေမို့ သူတို့ရဲ့ စကားတွေထဲ မပါချင်ခဲ့ပါ။ အလင်းရဲ့ မွေးနေ့မှာ ဖေဖေခေါ်ပေးတဲ့လက်ဆောင်ကလေးကို ကျွန်မကြည့်ရတဲ့အချိန်မှာ ရင်ထဲ စူးရှစွာ ခံစားလိုက်ရတယ်။

ကျွန်မ အရမ်းလိုချင်တဲ့နာရီ၊ ဒိုင်ခွက်ထဲမှာ စိန်လေးလုံးပါတဲ့ ရွှေရောင်နာရီလေး။ ရှားပါးပြီး လှလွန်းတဲ့ ဒီနာရီလေးကို တွေ့စဉ်က ဈေးတော်တော်တန်မှန်းသိပေမဲ့ အရမ်းလိုချင်တာကြောင့် ဖေဖေ့ကို ပူဆာခဲ့ဖူးတယ်။ ဘယ်ဆိုင်မှ မတွေ့ဖူးတဲ့ အဲဒီနာရီလေးကို လက်မှာ အစမ်းဝတ်ကြည့်ရင်း သဘောကျနေခဲ့ဖူးတယ်။ ဖေဖေက ကျွန်မရဲ့ လိုချင်မှုကို ဒီလ အိမ်သုံးစရိတ် များနေလို့ဆိုပြီး သာမန်နာရီလေးနှင့် နှစ်သိမ့်ခဲ့တယ်။ နောက်တော့ ဝယ်ပေးမယ်ဆိုတဲ့ ဖေဖေရဲ့ နှစ်သိမ့်စကားကို လက်ခံရင်းနဲ့ပဲ ဆိုင်ထဲက ထွက်လာခဲ့သည့်တိုင် နာရီလေးကို စွဲလမ်းနေစိတ်က ပျောက်မရခဲ့။ ကျွန်မရဲ့ မွေးနေ့မှာတော့ ဖေဖေက အဲဒီနာရီလေးကို ဝယ်ပေးဖို့ သတိမရဘဲ၊ အလင်းကို ဝယ်ပေးခဲ့တယ်။ ရင်ထဲမှာ မျက်နေအောင် ခံစားရရင်း မိသားစုလိုက် အိမ်ရှေ့မှာ မွေးနေ့လက်ဆောင်ပစ္စည်းတွေ ဖောက်နေချိန် အခန်းထဲမှာ ကျွန်မ မျက်ရည်ကျခဲ့ရတယ်။

mgyoe.com

mgyoe.com

ကျွန်မရဲ့ ခံစားချက်ကို ရိပ်မိပုံရတဲ့ ဒေါ်ကြီးက ကျွန်မကို လာနှစ်သိမ့်ပေးရင်း ဒေါ်ကြီးရင်ခွင်မှာ ကျွန်မ မျက်ရည်တွေ ခြောက်သွေ့ခဲ့ရတယ်။ ဒေါ်ကြီးကတော့ ငယ်စဉ်ကတည်းက အနီးကပ်ရှိနေခဲ့ပြီး ကျွန်မရဲ့ ခံစားချက်တွေကို သိတာမို့ ကျွန်မကိုတော့ ချစ်ခဲ့တယ်။ အဲဒီနေ့က ဒေါ်ကြီးလည်း အိမ်ရှေ့မသွားဘဲ ကျွန်မနားမှာနေရင်း အကျီတွေကို မီးပူတိုက်ပေးနေခဲ့တယ်။ ကျွန်မရဲ့ သိချင်စိတ်ကြောင့် မမျိုသိပ်နိုင်တော့ဘဲ သမီးအရင်းမှ ဟုတ်ရဲ့လားဆိုတဲ့ မေးခွန်းကို ဒေါ်ကြီးက ငြင်းဆန်ခဲ့တယ်။ အရိပ်က သမီးအရင်းပါ၊ အထင်မလွဲပါနဲ့တဲ့။ အရိပ်ကိုလည်း ဆရာတို့က ချစ်ပါတယ်ဆိုတဲ့ စကားကို ခေါင်း တွင်တွင်ခါယမ်းရင်း ကျွန်မရဲ့စိတ်တွေ စာကျက်လို့မရအောင် တွေဝေစေခဲ့တာ အမှန်ပါ။

အဲဒီနောက်ပိုင်းမှာတော့ အရင်လို မိသားစုနဲ့ တစ်ဝိုင်းတည်း စကားပြောတာ၊ TV ကြည့်ရင်း အငြင်းအခုံလုပ်တာတွေ သိသိသာသာ နည်းပါးသွားပြီး၊ အရင်ကလည်း စကားနည်းသူမို့ အခန်းအောင်းကာ အသံတိတ်စစ်မြေပြင်ကို တိုက်ခိုက်နေရသလို ခံစားခဲ့ရတယ်။ ကျွန်မရဲ့ ပုံစံပြောင်းလဲသွားခြင်းကို သိပေမဲ့ လျစ်လျူရှုထားသလို နေခဲ့ကြပြီး၊ တစ်ခါတစ်ရံ မေမေက စိတ်ပါလက်ပါ ငယ်လေး ထမင်းစားရအောင်ဟု လာခေါ်လျှင် ကျွန်မ ဆင်ခြေတစ်ခုပေးကာ အိပ်နေလိုက်တယ်။ အလင်းကလည်း စာပြီးရင်း စာမို့ တစ်အိမ်တည်းနေပြီး ကျွန်မနဲ့ စကားမပြောဖြစ်ဘူး။ ဖေဖေကိုတော့ အလင်းရဲ့ မွေးနေ့ပြီး နောက်နေ့ကစပြီး သိသိသာသာ ရှောင်နေခဲ့တယ်။ နာရီလေးနဲ့ပတ်သက်ပြီး ခံစားချက်ဟာ ကျွန်မရဲ့ အိပ်မက်တွေထဲထိ နေရာယူလာခဲ့တာကို ဘယ်သူမှ မသိနိုင်ခဲ့ပေ။ အဲဒီ နာရီလေးကို အလင်း လက်မှာ စပတ်တဲ့နေ့က ကျွန်မ ဘယ်လိုမှ ခံနိုင်

mgyoe.com

mgyoe.com


ရည်မရှိခဲ့။ နာရီလေးအပေါ် စွဲလမ်းမှုရှိလွန်းသော်လည်း အလင်း အပေါ်ထားရှိခဲ့တဲ့ မေတ္တာတရားကို ကျွန်မ ပို၍ လိုချင်ခဲ့တယ်ဆို တာကို ဝန်ခံပါရစေ။ အဲဒီနာရီလေးက အစပြုပြီး ကိန်းအောင်းနေခဲ့ တဲ့ အစိုင်အခဲတစ်ခု ပေါက်ကွဲပစ်ဖို့ရာ ကျွန်မဘက်မှ မထင်မှတ်ဘဲ အကြောင်းတစ်ခု ဖန်လာခဲ့တယ်။ အဲဒီနေ့က အခန်းထဲမှာ (Bio Song)ကို အကျယ်ကြီးဖွင့်ပြီး လိုက်ဆိုနေခဲ့တယ်။ အခန်းတံခါးကို အပြင်မှ ခပ်ပြင်းပြင်းခေါက်သံကို မေမေလို့ ထင်ခဲ့ပေမဲ့ ဖွင့်လိုက် ချိန်မှာ ဖေဖေရဲ့ မျက်နှာထားတင်းတင်းနဲ့ "အရိပ်ကကော်ဆက် ဒီလောက်အကျယ်ကြီးဖွင့်နေရလား။ အလင်း စာကျက်နေတယ်"တဲ့။ ဖေဖေ့ကို ကျွန်မ ဒေါသဖြစ်ရင်း သာမန်ပိတ်ခိုင်းရ ကျွန်မ ပိတ်ပေး မှာ ဖြစ်ပေမဲ့ အလင်း စာကျက်နေတယ်ဆိုတဲ့ စကားကြောင့် တစ်ခါမှ ပြန်မပြောခဲ့ဘူးတဲ့ ဖေဖေ့ကို ကျွန်မ ပြန်ပြောခဲ့တယ်။

"အလင်းစာကျက်နေသလို အရိပ်ကလည်း စာကျက်နေတာ ပါပဲ။ အလင်း စာမေးပွဲရှိသလို၊ အရိပ်လည်း စာမေးပွဲရှိတယ်။ အလင်းရဲ့ ဆေးကျောင်းစာဟာ အရေးကြီးသလို၊ ဆယ်တန်းဆိုတဲ့ စာဟာလည်း ဘဝတစ်ခုကို အဆုံးအဖြတ်ပေးနိုင်တဲ့အတန်းမို့ အရေး ကြီးတာပါပဲ။ ဖေဖေတို့စိတ်ထဲမှာ အလင်းပဲရှိသလား၊ အလင်းနဲ့ ပတ်သက်တာတွေပဲ အရေးကြီးသလား"

ဖေဖေဟာ ကျွန်မကိုကြည့်ရင်း အံ့သြစွာ မျက်လုံးပြူးရင်း "မြင့် လာစမ်းပါဦး။ မင်း သမီး ဘယ်တုန်းက ဒီလောက် ရိုင်းသွား တာလဲ။ အဖေကိုတောင် ပြန်ပြောတယ်"

မေမေကလည်း မီးဖိုထဲကနေ ထွက်လာပြီး ကျွန်မကို ဆူ တယ်။ အလင်းကလည်း အသံတွေကြားလို့ အခန်းထဲက ထွက်လာ ရင်း ကျွန်မရဲ့လက်ကို လာဆွဲတယ်။ ဖေဖေက ကျွန်မကို သေချာစွာ

mgyoe.com

mgyoe.com


ကြည့်ရင်း "အလင်းလိုဖြစ်ချင်ရင် အလင်းလို ကြိုးစားရတယ်။ မြင့်အရိပ် ကျူရှင်မတက်ဘူး၊ မင်းသိလား။ အလေလိုက်တဲ့အလုပ်ကြပ်ကြပ်လုပ်၊ လမ်းပေါ်မှာ နေနေရမယ်။ ဘာမှမသိဘူး မထင်နဲ့"

"အရိပ် မကြိုးစားတာ မဟုတ်ဘူး။ ကြိုးစားချင်စိတ် မရှိတော့တာ။ အဲဒါတွေအားလုံး ဖေဖေတို့ကြောင့်။ ဟုတ်ပါတယ်၊ အရိပ်ပေးဆပ်မှုဟာ ဘယ်တော့မှ အလင်းကို မီမှာမဟုတ်ပါဘူး။ အလင်းလို ဖေဖေ မေမေတို့အပေါ်မှာ ဂုဏ်တက်စေမှာ မဟုတ်ဘူး"

ကျယ်လောင်သော ဒေါသသံတွေ ငိုသံတွေ ရောပြွမ်းကာ ဖေဖေ့ကို တည့်တည့်စိုက်ကြည့်ရင်း နောက်ဆုံးတော့ ဖေဖေရဲ့ တောက်ခေါက်သံ ခပ်ကျယ်ကျယ်က ရင်ထဲ စူးဝင်သွားပြီး မေမေကတော့ ကက်ဆက်ပိတ်ကာ ကျွန်မကို အိပ်စေခဲ့တယ်။ အလင်းကတော့ မျက်နှာပျက်ပျက်နဲ့ သူ့အခန်းထဲ ဝင်သွားခဲ့တယ်။ ဒေါ်ကြီးကိုတော့ ကျွန်မအခန်းထဲ အဝင်မခံတော့ပါ။ ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ပြီး ညနက်နက်မှာတော့ ကျွန်မအတွက် အိတ်တစ်လုံး အဆင်သင့်ဖြစ်နေခဲ့ပြီ။ မနေချင်တော့ပါ။ ဒီအိမ်ကနေ အမြန်ဆုံးထွက်ပြေးချင်မိတော့တယ်။

ကျွန်မ ထွက်ခွာလာခဲ့တဲ့နေရာဟာ အနာဂတ် မဲ့ချင်မဲ့နေပါစေ ကျွန်မကို ရှာဖွေဖို့အတွက် အနည်းငယ်တော့ ကျွန်မအတွက် ပူပန်မှုဆိုတာ ရှိစေချင်တယ်။ ငယ်စဉ်ကတည်းက အလင်းလောက်မှ ပြည့်စုံမှုဆိုတာ မရှိနိုင်တဲ့ဘဝ။ လွတ်လပ်တဲ့မေတ္တာတွေ ရရှိနိုင်မယ့်နေရာမှာ ကျွန်မ ပျော်ချင်သေးတယ်။ နေချင်သေးတယ်။ အဲဒီနေရာဟာ ကျွန်မနေတဲ့ အိမ် မဟုတ်တာတော့ အသေချာဆုံးဖြစ်နေပြီမို့ မေမေ့ညီမရှိရာ မန္တလေးကို လစ်ထွက်လာခဲ့တယ်။ မေ့မေ့ညီမက ကျွန်မကို ကောင်းကောင်းချစ်တာတော့ မှတ်မိဖူးတယ်။ မန္တလေးမှာ

mgyoe.com

mgyoe.com


ရှိတဲ့ သူငယ်ချင်းတချို့နဲ့ ဆယ်တန်းကို ဗုန်းဗုန်းကျအောင် နေပစ်လိုက်ဦးမယ်။ ကျွန်မရောက်တာကို ဒေါ်လေးက ဖေဖေတို့ကိုပြောလည်း ကိစ္စမရှိပါ။ မန္တလေးမှာနေဖို့ ဆုံးဖြတ်ချက်ကိုတော့ ကျွန်မပြင်တော့မည် မဟုတ်ပါ။ ဒေါ်လေးက မေမေတို့ ခွင့်ပြုချက်ဖြင့်မန္တလေးမှာ စာမေးပွဲဖြေမည်ဆိုတာကို အဟုတ်ယုံမှတ်ပြီး မေမေတို့ဆီ ဖုန်းမဆက်ခဲ့ပါ။ အိမ်ကလည်း ကျွန်မ မန္တလေးကို ထွက်လာမယ်ဆိုတာ မဖြစ်နိုင်တာမို့ ဖုန်းခေါ်သံ မကြားခဲ့ရပါ။ နှစ်ရက်လုံးလုံး သူငယ်ချင်းတွေအိမ် လည်ပတ်နေခဲ့ပြီး ဆယ်တန်းဆိုတဲ့စာကိုလုံးဝ မေ့ပစ်ထားခဲ့တယ်။ ဒေါ်လေးက ရောက်စမို့ ခွင့်ပြုထားပြီး၊နောက်နေ့ကစ စာကျက်ရမယ်တဲ့။ စာအုပ်တွေမပါတာ သတိထားမိပုံမရသော ဒေါ်လေးကို ရယ်ချင်မိတယ်။ မန္တလေးမှာ စိတ်လွတ်ကိုယ်လွတ်နဲ့ တော်တော်လေး ပျော်ခဲ့သလို ဖေဖေတို့ ကျွန်မကိုဘယ်များ လိုက်ရှာကြမလဲဆိုတဲ့ အတွေးနဲ့ ပီတိဖြစ်မိတယ်။ ပူစမ်းပါစေ။ အရိပ်ဆိုတဲ့ သမီးတစ်ယောက်အတွက် နည်းနည်းလောက်လှုပ်ရှားသွားတာမျိုးတော့ ကျွန်မ ဖြစ်စေချင်တယ်။

နောက်တစ်နေ့ အပြင်ကပြန်လာတဲ့ ကျွန်မကို ဒေါ်လေးကအိမ်ပေါက်ဝမှာ မျက်နှာထားတင်းတင်းနဲ့ ဆီးကြိုတယ်။ ဒေါ်လေးကအရမ်းဒေါသဖြစ်နေပြီး မျက်ရည်တွေ ဝဲလာကာ ကျွန်မရဲ့ လက်မောင်းကို ဆုပ်ကိုင်ကာ ပြောတယ်။ ဒေါ်လေးရဲ့ စကားတွေဟာကျွန်မရဲ့ ခေါင်းကို ချာချာလည်သွားစေပြီး နှလုံးခုန်မှုများ ဆောင့်တက်ကာ ရင်ထဲမှာ အပူလှိုင်းတွေ ဖြတ်သန်းစီးဆင်းနေသလိုချက်ချင်း ခံစားလိုက်ရပါတယ်။ ဖေဖေ ဘာမှမဖြစ်ပါစေနဲ့။ ဖေဖေများ တစ်ခုခုဖြစ်သွားရင် ကျွန်မ မတွေးချင်အောင် သွေးပျက်သွားခဲ့ရတယ်။ ဖေဖေကိုယ်တိုင်မောင်းပြီး မန္တလေးကို လိုက်လာခဲ့တာ၊

mgyoe.com

လမ်းမှာ ကားမှောက်လို့တဲ့။ ဒေါ်လေးမိတ်ဆွေက လမ်းမှာ တွေ့ပြီး အစစအရာရာ လုပ်ပေးခဲ့တယ်။ ခုတော့ မန္တလေးဆေးရုံကြီးကို ရောက်ပြီတဲ့။ အခုထက်တိုင် သတိတစ်ချက်မှ မရသေးတဲ့ ဖေဖေ့ကို ဆေးရုံရောက်သည်အထိ ကျွန်မ မမြင်တွေ့ခဲ့ရသေးပါ။ အော်ပရေးရှင်းခန်းထဲမှာ အရေးပေါ်လူနာအဖြစ် ဝင်ရောက်သွားခဲ့သည်မှာ တစ်နာရီခန့်ရှိပြီ။ ဒေါ်လေးက မေမေတို့ကို ဖုန်းဆက် အကြောင်းကြားတာကြောင့် မနက်ဖြန်လိုက်လာတော့မည်။ အဝေးက ဘာမှ မမြင်ရတဲ့ မေမေရော အလင်းပါ ဘယ်လောက် စိတ်ပူကြမလဲ။ ခုတော့ ကျွန်မ ဖေဖေ့အတွက် အရမ်းကို စိတ်ပူနေရပြီး အားလုံးကို ကျွန်မမျက်နှာ ဘယ်လိုပြရမလဲ မသိတော့ပါ။ ခုချိန်မှာတော့ ဖေဖေ ကျန်းမာစွာနဲ့ ခွဲခန်းထဲမှ ထွက်လာနိုင်ဖို့ကိုပဲ ဆုတောင်းမိတယ်။

"အရိပ်ကို ခွင့်လွှတ်ပါ ဖေဖေ။ အတ္တကြီးတဲ့ အရိပ်ဟာ ဘာကိုမှ မရချင်နေပါစေတော့၊ ဖေဖေ့ကိုတော့ ဖေဖေ့ကိုတော့ အဆုံး အရှုံး မခံပါရစေနဲ့။ ဖေဖေ ခုလိုဖြစ်တာ အရိပ်ကြောင့်ပါ။ ဖေဖေသာ အရိပ်တို့မိသားစုကို ခွဲသွားရင်တော့ အရိပ်ကို ဘယ်သူမှ ခွင့်လွှတ်ကြမှာ မဟုတ်ဘူး ဖေဖေ။ ဖေဖေ အရိပ်ကို တကယ်ချစ်တယ်ဆိုရင် အရိပ်ဘက်မှာ ရှိနေပေးပါ"

ကျွန်မရဲ့ မျက်ရည်တွေ ဖြေမဆည်နိုင်အောင်ရှိနေပြီး ရင်ထဲက မွန်းကျပ်မှုများသည် တော်တော် ခံရခက်ရုံမက အသိစိတ်တွေ ကင်းမဲ့လာချင်မိတယ်။ ငိုရလွန်းလို့ ခေါင်းတွေကိုက်လာကာ ခွဲစိတ်ခန်း တံခါးအဖွင့်ကို ရင်ခုန်စွာပဲ မျက်တောင်မခတ် စိုက်ကြည့်နေမိတယ်။

နောက်ထပ်တစ်နာရီတိတိ ကုန်ဆုံးသွားပြီးချိန်မှာ တံခါးအဖွင့် အစိမ်းဝတ်ဆရာဝန်ကြီး ထွက်လာတယ်။ ကျွန်မ ပြေးသွားမိပါတယ်။ ဆရာဝန်ကြီးက လက်ကာပြရင်း ကျွန်မနဲ့ ဒေါ်လေးကို

mgyoe.com


သူ့အခန်းထဲ ခေါ်သွားတယ်။ တုန်လှုပ်ချောက်ချားမှုများဖြင့် လိုက်သွားပြီး ဆရာဝန်ကြီးရဲ့ ထွက်လာမယ့် မှတ်ချက်ကို အင်မတန်မှ ကြောက်ရွံ့တုန်လှုပ်နေမိတယ်။

"လူနာက ကံကောင်းတယ်လို့ ပြောရမလားပဲ။ ခေါင်းက ဒဏ်ရာကတော့ စစချင်း သွေးထွက်လွန်လို့ ကျွန်တော်တောင် လန့်သွားမိတယ်။ ခုတော့ စိတ်ချရပါတယ်။ တစ်ခုက ကျောက်ကပ်နည်းနည်းထိသွားတယ်။ ကျွန်တော်တို့ ကြိုးစားပြီး ကုသထားတယ်။ ကျောက်ကပ်တစ်ခုလုံး ပျက်စီးသွားတာတော့ မဟုတ်ပါဘူး"

"ဆရာ ကျောက်ကပ်အစားထိုးတာတို့ ဘာတို့ . . ."

"အဲဒီအတွက် ခုအခြေအနေကို စောင့်ကြည့်လိုက်ဦးမယ်။ လိုအပ်ရင်တော့ အစ်မပြောသလို အခြေအနေမျိုးနဲ့ အစားထိုးကုသမှုလည်း ဖြစ်ချင်ဖြစ်နိုင်တယ်"

ဆရာဝန်ကြီးရဲ့ မှတ်ချက်သံဟာ ကျွန်မနားထဲ သံရည်ပူလောင်းထည့်လိုက်သလို ပူလောင်လွန်းလှတယ်။ မြတ်စွာဘုရား၊ ဖေဖေ့ကို ဒီဝေဒနာမှ ကင်းလွတ်အောင် ကယ်မတော်မူပါ။ ကြားဖူးသလောက် ကျောက်ကပ်အစားထိုးတယ်ဆိုတာ အရေးကြီးလွန်းတဲ့ ကုသမှုတစ်ခုပါ။ ကျွန်မရဲ့ မိုက်မဲခြင်းကြောင့် ဖေဖေ ခံစားရတဲ့ ဝေဒနာတွေက မမျှပါလား။ ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေဟာ အမိပ္ပာယ်မဲ့လွန်းရုံမက အားလုံးကို ပူပင်သောက ရောက်စေခဲ့တယ်။

ခုတင်ပေါ်မှာ သတိမရသေးသော ဖေဖေ့ကို ကျွန်မ စကားတွေပြောချင်နေမိတယ်။ တောင်းပန်ချင်တယ် ဖေဖေ။ တကယ်တော့ ဖေဖေ အရိပ်ကို ချစ်ပါတယ်။ အရိပ်က ပိုလိုချင်ခဲ့တာပဲ ဖြစ်မှာပါ။ အရိပ်ကို ဖေဖေ မမုန်းလိုက်ပါနဲ့။ ဖေဖေနေကောင်းလာရင် အရိပ်တို့မိသားစု ပြန်ပျော်ရွှင်နိုင်မှာပါ။ တစ်ခုပါပဲ ဖေဖေ၊ အရိပ်တို့ သား

mgyoe.com

mgyoe.com

အမိတွေကို ဖေဖေ စိတ်ချမသွားပါနဲ့။ ဖေဖေမရှိရင် မဖြစ်ပါဘူး။

အဲဒီညက ဆရာဝန်ကြီးအိမ်ကို ကျွန်မ ရောက်ရှိသွားခဲ့တယ်။ ဆရာဝန်ကြီးကို ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေ ပြောပြချိန်မှာ ဆရာဝန်ကြီးက ခေါင်းညိတ်တယ်။ တစ်ခါမှ မျှော်လင့်မထားဘူးတဲ့ ဖြစ်ရပ်တွေဟာ ကျွန်မရဲ့ နှလုံးသားတွေကို ထိခိုက်စေခဲ့တာ အမှန်ပါ။

နောက်တစ်နေ့ သတိမရတစ်ချက် ရတစ်ချက် အခြေအနေမှာ မေမေနဲ့ အလင်း ရောက်လာတယ်။ မေမေက ဘာမှမပြောဘဲ မျက်ရည်တဝဲဝဲနဲ့ အလင်းကို တွေ့ချိန်မှာတော့ ကျွန်မ အလင်းကို ဖက်ငိုမိတယ်။ ဖေဖေ့ကို ဒုတိယအကြိမ် ခွဲစိတ်ခန်းထဲခေါ်သွားပြီး၊ အချိန်တွေကို စောင့်စားရတာ ပိုကြာတယ်လို့ ထင်ရတယ်။

မေမေ့ရဲ့ရင်ခွင်မှာ အားရစွာ ငိုမိချိန်မှာတော့ မေမေက ကျွန်မ ဆံပင်တွေကို ပွတ်သပ်ပေးပြီး "ငယ်လေးရယ် ဘာဖြစ်လို့ ဒီလို အိမ်က ထွက်သွားရတာလဲ။ သမီးပျောက်သွားတဲ့နေ့က တစ်အိမ်လုံး ခေါင်းမီးတောက်ခဲ့ရတယ်။ သမီးဖေဖေ အဆိုးဆုံးပေါ့။ နောက် မန္တလေးကို သွားတယ်ဆိုတာ သိသိချင်း ငါ့သမီးလေးကို ချော့ရ မယ်ဆိုပြီး သမီးလိုချင်တဲ့ နာရီလေးကို မရမက ရှာဝယ်ပြီး မန္တလေး ကို ချက်ချင်းလိုက်လာခဲ့တာ ဖေဖေရော မေမေရော သမီးကို ချစ်ပါ တယ်"

"သမီးမှားပါတယ် မေမေ။ ဖေဖေ့ကိုလည်း တောင်းပန်ချင်လှ ပြီ။ တကယ်တော့ အလင်းလိုတော်တဲ့ အစ်မတစ်ယောက်ရှိတာ ဂုဏ် ယူရမှာပါ။ အားလုံး သမီးကို ခွင့်လွှတ်ကြပါ။ သမီး ဖေဖေ့အတွက် စိုးရိမ်တယ် မေမေ။ အားလုံးဟာ သမီးအပြစ်တွေပါ"

ခဏအကြာမှာတော့ အားလုံး အတွေးကိုယ်စီနဲ့ ဘုရားစာရွတ် ရင်း ဖေဖေ့အတွက် ဆုတောင်းကာ ငြိမ်သက်သွားကြတယ်။ ကျွန်မ

mgyoe.com


ကြည့်နေတဲ့ တံခါးချက်လေးဟာ အချိန်အတော်အကြာမှာ ပွင့်လာတယ်။

ဆရာဝန်ကြီးရှိရာကို ပြိုင်တူရောက်သွားကြပြီး ဖေဖေ့ကိုပါ တစ်ခါတည်း ခေါ်ထုတ်လာတာ တွေ့လိုက်ရတယ်။

"ကဲ အားလုံး အခြေအနေကောင်းပါတယ်။ သတိလည်း ရနေပါပြီ"

ဆရာဝန်ကြီးရဲ့ အသံအကြားမှာ ကျွန်မတစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ပေါ့ပါးလန်းဆန်းသွားတယ်။ မေမေရော အလင်းနဲ့ ဒေါ်လေးပါ မျက်နှာမှာ ပြုံးရိပ်သန်းသွားပြီး ဖေဖေရှိရာ အခန်းထဲ ဆရာဝန်ကြီးနှင့်အတူ နောက်က လိုက်လာခဲ့တယ်။

ခုတင်ပေါ်မှာ ဖေဖေ့ကို တွေ့လိုက်ရပြီး မျက်လုံးဖွင့်လာတယ်။ "ဦးကျော်မြင့် နေကောင်းတယ်မဟုတ်လား" ဆရာဝန်ကြီးအမေးကို ဖေဖေက ခေါင်းညိတ်ရင်း ကျွန်မကို လှမ်းကြည့်တယ်။ "ကျွန်တော် ပထမပိုင်းတော့ ခင်ဗျားကို တော်တော်စိုးရိမ်သွားတယ်။ ခင်ဗျား ကျောက်ကပ်အတွက်ပေါ့။ ဦးကျော်မြင့်မှာ အရိပ်ဆိုတဲ့ သမီးမျိုးရှိတာ ကံကောင်းလိုက်တာဗျာ။ အဲဒီနေ့ညက သူ ကျွန်တော့်အိမ် ချက်ချင်းရောက်လာပြီး၊ ခင်ဗျား ကျောက်ကပ်အတွက် အစားထိုးကုသရမယ်ဆိုရင် သူ့ကျောက်ကပ်ကို ယူဖို့ တငိုငိုနဲ့ လာပြောရှာတယ်။ ကျွန်တော် ဆရာဝန်လုပ်သက်မှာ အရိပ်နဲ့တွေ့မှပဲ မျက်ရည်ကျမိတယ်။ သူ ခင်ဗျားကို စိုးရိမ်လွန်နေတာ သူ့ကိုယ်သူ ဘာမှ သတိမရနိုင်တော့အောင်ပဲ။ ကဲ အရိပ် သမီးရဲ့မေတ္တာကြောင့် သမီး ဖေဖေ အခြေအနေကောင်းလာတာ အံ့သြစရာပဲ။ ကဲ ကျွန်တော့်ကို ခွင့်ပြုကြပါဦး။ ဆရာဝန်ကြီး ထွက်သွားချိန်မှာတော့ ကျွန်မ ဖေဖေရဲ့ ရင်ခွင်ထဲမှာ ငိုမိပါတယ်။ "ဖေဖေ သမီးကို ခွင့်လွှတ်ပါ။ နောက်

mgyoe.com

ဆိုရင် သမီး ဒီလိုမိုက်ဖို့ မပြောနဲ့တော့ ဒီအခြေအနေတွေကို ပြန်တောင် မစဉ်းစားရဲတော့ပါဘူး"

"သမီးမှာ အပြစ်ရှိတယ်လို့ ဖေဖေ မယူဆပါဘူး။ တစ်ခါတစ်ရံမှာ ဖေဖေတို့ မိဘတွေမှာလည်း မထင်မှတ်တဲ့နေရာတွေမှာ လွတ်သွားတာတွေ ရှိတယ်ဆိုတာတွေ ဖေဖေ လမ်းမှာ စဉ်းစားရင်း သဘောပေါက်ခဲ့ပါတယ်။ ဖေဖေရဲ့အိတ်ထဲမှာ သမီးလိုချင်တဲ့ နာရီလေး ဝယ်ခဲ့တယ်။ အရင်က သမီးဆယ်တန်းဖြေမယ့်နေ့မှာ ဝယ်ပေးမလို့"

"ဖေဖေ နာရီလေးတစ်ခုထက် ပိုပြီး အရေးကြီးတာ ဘာလဲဆိုတာ သိပါပြီ။ သမီးရဲ့ အပြစ်တွေကြောင့် သမီးတို့မိသားစုအားလုံး ခံစားရတာ မမျှတခဲ့ဘူးနော်။ လိုချင်သောအရာထက် ပိုလိုချင်တဲ့ အတ္တ ဘယ်လောက်ပူလောင်စေသလဲဆိုတာ အရိပ်သိပါပြီ ဖေဖေ"

ဖေဖေက ကျွန်မကို တင်းကျပ်စွာ ဖက်ထားရင်း ကျွန်မနဖူးကို ခပ်ဖွဖွလေး နမ်းတယ်။

ဖေဖေ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေသလို၊ မေမေ၊ အလင်းနဲ့ ဒေါ်လေးတို့လည်း မျက်ရည်တွေ ဝဲနေတယ်။ ကျွန်မ မျက်ဝန်းမှာလည်း မျက်ရည်တွေနဲ့။ ဒါပေမဲ့ ရင်ထဲမှာရှိနေတဲ့ ပီတိတွေနဲ့မို့ ပီတိမျက်ရည်တွေဆိုတာ ဘယ်သူမှ မငြင်းနိုင်တော့ပါဘူး။ ။

၁၂-၁-၂၀၀၂

❑

mgyoe.com

mgyoe.com

# မဟူရာည

(၁)

ဆေးရုံတစ်ခုလုံး တိတ်ဆိတ်ခြောက်သွေ့နေတယ်။ သူမရဲ့ ညာဘက်ကို လှည့်ကြည့်လိုက်တော့ အရင်နေ့တွေက မအိပ်ရတာကြောင့် အိပ်မောကျစွာ အိပ်နေတဲ့ သူမအဒေါ်က ခုံတန်းလျား သေးသေးပေါ်မှာ ကွေးကွေးလေး . . . မျက်စိမှိတ်ထားပေမဲ့ တစ်ချက်တစ်ချက် လာကိုက်တဲ့ခြင်တွေကို လက်နဲ့ လိုက်ဖမ်းဆဲ . . .

သူမကသာ ခုတင်ပေါ်မှာ ခြင်ထောင်နဲ့ အိပ်မပျော်နိုင်ဘဲ ရှိနေတယ်။ အရင်နေ့တွေက သူမရဲ့ အူအတက် ခွဲထားတဲ့ဒဏ်ရာ၊ ဆေးတန်ခိုးအစွမ်းတွေနဲ့ အိပ်ပျော်နေခဲ့တယ်။ နိုးနေချိန်မှာတော့ အခန်းတစ်ခုလုံး ကြည့်စဉ်မှာ ဘယ်သူမှ လှုပ်ရှားမှုမရှိ၊ အိပ်၍ကောင်းနေကြဆဲ။ တစ်ချက် တစ်ချက် လေတိုက်မှုကြောင့် တံခါးမြည်သံတစ်ခုက တကျွီကျွီနဲ့ . . .

mgyoe.com

တစ်ညလုံး အိပ်မပျော်ဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်။ သူမနားထဲ စကားပြောသံတွေကြားတော့ မျက်လုံးကို လေးကန်စွာ ဖွင့်မိတယ်။ ခဏကြာမှာ ထဘီအပြာနဲ့ နာ့စ်က သူမကို ကြည့်ပြီး . . .

"သူကတော့ အမြဲဇိမ်ကျနေတာပဲ" တဲ့။

နေမကောင်းလို့ ဆေးရုံလာတက်ရတာကို ဇိမ်ကျတယ်လို့ သူမို့ ပြောရက်တယ်။ နောက်တော့ သတိထားမိတာ သူမ ခုတင်ပေါ်က ဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်းစာအုပ်တွေကြောင့် ဖြစ်မယ်ထင်တယ်။

အချိန်တိုင်းလိုလို စာအုပ်နဲ့မျက်နှာ ကပ်နေတတ်တဲ့ သူမကို သူတို့ထက် ဇိမ်ကျတယ်လို့ မြင်နိုင်ပါတယ်လေ။

ညညဆိုရင် သူမဆီကပဲ သူနာပြုဆရာမတွေအားလုံး စာအုပ်တွေ လာငှားကြတယ်။ သူမမှတ်မိနေတဲ့ ဆံပင်ကောက်ကောက် အသားညိုညိုနဲ့ ဆရာဝန်တစ်ယောက်ကဆို သူမထံမှ သကြားရှိလား၊ သံပရာသီးရှိလား၊ စာအုပ်ရှိရင် ငှားပါဦး၊ ဒီနေ့ ထမင်းစားများသွားလို့ လျက်ဆားလေး ရှိလား . . . အမျိုးမျိုးနဲ့ မျက်စိနောက်စရာ ကောင်းတယ်။

နေ့ခင်းလောက်မှာ မျက်စောင်းထိုးက ခုတင်လွတ်တစ်ခုမှာ မိန်းမလူနာတစ်ယောက် ရောက်လာတယ်။ ဘာဖြစ်မှန်းတော့ မသိသေး၊ သူလည်း တစ်ခုခု ခွဲစိတ်ရဖို့ များတယ်။ ပိုက်ဆံ တော်တော်ချမ်းသာပုံရတဲ့ အမျိုးသမီးနားမှာ အခြံအရံတွေများသလို လာမေးကြတဲ့ဧည့်သည်တွေကလည်း မနည်း။ ဧည့်သည်ပြန်သွားတော့ သူတို့နားမှာ အိတ်ကြီး အိတ်ငယ်အသွယ်သွယ်နဲ့ စားဖွယ် သောက်ဖွယ်များစွာ။ လာမေးတဲ့ဧည့်သည်တွေ ပြန်သွားတော့ သူ့အနားမှာ အသက်ခပ်လတ်လတ်မိန်းကလေးနှစ်ယောက်၊ သူ့ယောကျာ်းဖြစ်နိုင်မည့်သူတစ်ယောက် ကျန်ရစ်ခဲ့တယ်။ လူနာအမျိုးသမီးက ဝေဒနာ

mgyoe.com